# မြန်မာစစ်အစိုးရကို ပါဝင်ခွင့်ပြုတဲ့ ရှက်ဖွယ် ASEAN

၁၉၆၇ ခုနှစ် ဩဂုတ်လ (၈)ရက်နေ့တွင် ASEAN ဟုခေါ်သော အရှေ့တောင်အာရှနိုင်ငံများအသင်း မွေးဖွားလာခဲ့ပါသည်။ ထိုနေ့တွင် အရှေ့တောင်အာရှ ၅–နိုင်ငံသည် ASEAN ကြေညာစာတမ်းကို လက်မှတ် ရေးထိုးခဲ့ကြပြီး ငြိမ်းချမ်းရေးနှင့်သာယာဝပြောမှုကို မျှဝေခံစားကြရန် သဘောတူခဲ့ကြပါသည်။

ယနေ့အချိန်တွင် ASEAN အဖွဲ့ဝင်နိုင်ငံများ ပို၍သာယာဝပြောလာသည်ဟုပြောနိုင်သော်လည်း၊ ငြိမ်းချမ်းစွာ ပူးပေါင်းဆောင် ရွက်ရန် ASEAN အဖွဲ့ဝင်နိုင်ငံများအတွက် အိပ်မက်ဆိုးများ ထပ်ခါတလဲလဲ မက်စေသည့် အကြောင်းကိစ္စတခုရှိနေပါသည်။

ASEAN ၏ ၂၁နှစ် ပြည့်မွေးနေ့သည် ထိတ်လန့်စရာ မွေးနေ့ချိန်ခါဖြစ်ခဲ့ရပါသည်။ ထိုအချိန်၌ အနာဂတ်တွင် အဖွဲ့ဝင်ဖြစ်လာမည့် မြန်မာနိုင်ငံသည် ဒီမိုကရေစီရေးအတွက် ထောင်နှင့်ချီသော လက်နက်မဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြသူများအား ၁၉၈၈ ခုနှစ် ဩဂုတ်လ (၈) ရက်နေ့တွင် ရန်ကုန်မြို့၏ လမ်းမများပေါ်တွင် ပစ်သတ်ခဲ့ပါသည်။

၁၉၉၀ ခုနှစ်တွင် ယင်းစစ်အစိုးရကိုယ်တိုင် ဦးစီးကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် စစ်အုပ်စုတို့ လက်မှိုင်ချရှုံးနိမ့်ခဲ့သည့် အတွက် ၊ ယင်းတို့မှ ရွေးကောက်ပွဲရလဒ်ကို လစ်လျူရှုခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

အခြား ASEAN အဖွဲ့ဝင်များသည် မြန်မာနိုင်ငံအား ASEAN အသင်းတွင် ပါဝင်စေခြင်းအားဖြင့် စစ်အစိုးရကို ထိမ်းချုပ်နိုင်ရန် ကြိုးစားခဲ့ပါသည်။ သို့သော် ထိုချဉ်းကပ်မှုသည် စစ်အစိုးရ၏ ဖိနှိပ်မှုများကို လျော့ပါးအောင် မကုစားနိုင်ခဲ့ပေ။ စစ်အစိုးရမှ ပူးပေါင်းဆောင်ရွက်မှုကင်းမဲ့ပြီး ငြိမ်းချမ်းရေး နှင့်ဆန့်ကျင့်သည့် နည်းလမ်းများဖြင့် တိုင်းပြည်ကို ဆက်လက်အုပ်ချုပ်ခဲ့ပါသည်။ ASEAN မှလည်း ဤကဲ့သို့သော နိုင်ငံတခုကို ၎င်းတို့၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေစေသည့်လမ်းကို ရွေးချယ်ခဲ့ပါသည်။

နိုင်ငံရေးအပြောင်းအလဲပြုလုပ်ရန် လုံးဝဆန္ဒမရှိသည့် မြန်မာစစ်အစိုးရအပေါ် ASEAN ကိုယ်တိုင်လည်း စိတ်ပျက်ငြီးငွေ့မှုများ ကြီးထွားလာခဲ့ပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေနှင့် ၎င်းတို့၏ စိတ်မသက်မသာ ဖြစ်မှုနှင့်စိတ်ပျက်မှုကို ပြီးခဲ့သည့် ၂၀၀၃ ခုနှစ် မေလ (၃၀)ရက်နေ့ စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်၏ ကားတန်းကို ခြိမ်းခြောက်တိုက်ခိုက်ခဲ့သည့် အဖြစ်ဆိုးအပြီး အတိအလင်းထုတ်ဖော်ပြသခဲ့ကြပါသည်။ ၂၀၀၃ ခုနှစ်ဇူလိုင်လက ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးအပါအဝင် အခြားသော NLD ခေါင်းဆောင်များ မတရား ဖမ်းဆီးထိန်းသိမ်းခြင်းမှ လွှတ်ပေးရန် ASEAN အဖွဲ့ဝင်များက တရားဝင် တောင်းဆို ခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် အထူးလိုအပ်နေသော နိုင်ငံရေးအပြောင်းအလဲ တရပ်ဖြစ်ပေါ်ရေးအတွက် တွန်းအားပေးရန်နှင့် ငြိမ်းချမ်းသော ပူးပေါင်းဆောင်ရွက်ရေးအတွက် လမ်းပြမြေပုံတခု ဖန်တီးရန် ဘန်ကောက်ဆွေးနွေးပွဲကို စတင်ခဲ့သော်လည်း စစ်အစိုးရသည် နောက်ဆက်တွဲ အစည်းအဝေးများသို့ ပါဝင် တက်ရောက်ခြင်း မရှိသည့်အပြင် ၎င်းတို့ စိတ်တိုင်းကျ ချယ်လှယ်ကျင်းပခဲ့သည့် အမျိုးသားညီလာခံပင်လျှင် ရွှေ့ဆိုင်းထားခဲ့ပါသည်။

၎င်းတို့၏ ချိုးဖေါက်မှုများအပေါ် ASEAN ၏ သည်းညည်းခံနေမှုများအား ရပ်တန့်ရန်နှင့် စစ်အစိုးရအား ၂၀၀၆ ခုနှစ် ဥက္ကဋ္ဌ ရာထူးမရခင် ASEAN အဖွဲ့မှ ထုတ်ပယ်ရန် မိမိတို့အနေနှင့် ASEAN အား တောင်းဆိုအပ်ပါသည်။

၂၀၀၆ ခုနှစ်တွင် ASEAN ဥက္ကဋ္ဌရာထူးအား မြန်မာနိုင်ငံမှ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ထားသော ခေါင်းဆောင်များ၏ လက်ဝယ်တွင်သာ ရောက်စေရေးအတွက် သေချာစေရန် ASEAN နှင့် နိုင်ငံတကာ အသိုင်းအဝိုင်းတို့မှ စီစဉ်ဆောင်ရွက်ပေးသင့်ပေသည်။

ASEAN နိုင်ငံများမှ ပြည်သူများအနေနှင့်လည်း ဒေသတွင်း ငြိမ်းချမ်းရေးထွန်းကားစေရန် ရည်ရွယ်သည့် အမှန်တကယ် ခြေလှမ်းများ လှမ်းနိုင်ရေးကို တောင်းဆိုကြပါရန် မိမိတို့အနေနှင့် လှုံ့ဆော်တိုက်တွန်း အပ်ပေသည်။

ဤခြေလှမ်းထဲတွင် ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ "ASEAN ဒေသတွင် အမျိုးသမီးများအား အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ ကြေညာ စာတမ်း"အပေါ် ASEAN အဖွဲ့ဝင်အားလုံး အထူးသဖြင့် မြန်မာနိုင်ငံ၏ အကောင်အထည်ဖေါ်မှုအား စောင့်ကြည့်ရန်အချက်ကိုပါ ထည့်သွင်းသင့်ပေသည်။

လာမည့် ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်မြို့၌ ကျင်းပမည့် ၅ ကြိမ်မြောက်အာရှ ဥရောပ အစည်းအဝေး (ASEM-5) တွင် ASEAN ၏အဖွဲ့ဝင်နိုင်ငံအနေနှင့် မြန်မာနိုင်ငံလည်း တက်ရောက်ရန်ရှိသည်။ သို့သော် ဥရောပပြည်သူများအနေနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များအား ခလေးငယ်များကို စစ်တပ်ထဲ အတင်းကျုံးသွင်းနေသော၊ တိုင်းရင်းသူ အမျိုးသမီးများကို အစီအစဉ်ချ အဓမ္မပြုကျင့်စော်ကားနေသည့်အပြင်၊ နိုင်ငံ၏တရားဝင်ခေါင်းဆောင်များကို နေအိမ်တွင် အကျဉ်းချထားသော စစ်အစိုးရနှင့် ဆွေးနွေးပွဲထိုင်ရန် လက်ခံလိမ့်မည်ဟု မိမိ တို့အနေနှင့် လုံးဝမမျှော်လင့်ပေ။

အောက်တိုဘာလတွင် ကျင်းပမည့် ASEM အစည်းအဝေးတွင် မြန်မာနိုင်ငံစစ်အစိုးရကို တက်ခွင့်မပေးရန် တောင်းဆိုထားသည့် ဥရောပသမဂ္ဂ (EU) အနေနှင့် ၎င်းတို့၏ ဆုံးဖြတ်ချက်ကို ဆက်လက်ကိုင်စွဲထားရန် မိမိတို့အနေနှင့် တိုက်တွန်းအပ်ပေသည်။

Action Network for Migrants
Alternative Asean Network on Burma (Altsean-Burma)
Arakan Liberation Party (ALP)
Chin Students' Union (CSU)
Students and Youth Congress of Burma – SYCB/India)

Member organizations of the SYCB-India are-
All Burma Students' League (ABSL)
All Burma Students' Democratic Front (ABSDF)
All Arakan Students and Youth Congress (AASYC)
All Kachin Students and Youth Union (AKSYU)
Arakan League for Democracy-Youth (Exile) (ALD-youth/Exile)
National League for Democracy -Liberated Area /youth (NLD/LA-Youth)
Naga Youth Organization (NYO)
Kuki Students Democratic Front (KSDF)
Zomi Students and Youth Organization (ZSYO)

The New Zealand Burma Support Group
United Nationalities League for Democracy (UNLD/LA)
Zomi Reunification Organization (ZRO)

**Women's League of Burma, comprising 11 groups**:

- Burmese Women's Union (BWU)
- Kachin Women's Association- Thailand (KWAT)
- Karen Women's Organization (KWO)
- Kuki Women Rights and Women Affair Association
- Lahu Women's Organization (LWO)
- Pa-O Women's Union (PWU)
- Pa-laung Women Organization (PWO)
- Rakhaing Women's Union (RWU)
- Shan Women's Action Network (SWAN)
- Tavoy Women's Union (TWU)
- Women's Rights and Welfare Association of Burma (WRWAB)

For further information please contact:
ဆက်သွယ်ရန်

Hseng Noung
နန်းဆိုင်နောင် + 66 1 88 44 963

Thin Thin Aung
မသင်းသင်းအောင် + 91 989 125 2316

wlb@womenofburma.org